# တိုင်းရင်းသားအချင်းချင်း ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ဟန့်တားနှောင့်ယှက်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ

## မာတိကာ


၁။ စာတမ်းအကျဉ်းချုပ် ၁

၂။ နောက်ခံအကြောင်းအရင်း ၁

၃။ ဖြစ်စဉ်အကျဉ်း ၂

၄။ အသေးစိတ် အချက်လက် ၃

၅။ တောင်းဆိုချက်များ ၈

၆။ နိဂုံး ၉

၇။ ဖြစ်စဉ်ဇယား ၁၀



ဆက်သွယ်ရန်-

ဖုန်း+၉၅ (၀) ၉၂၆၄၁၆၂၂၂၉ ၊ ၀၉၄၂၀၇၆၂၇၀၈

## ၁။ စာတမ်းအကျဉ်းချုပ်

ဤစာတမ်းသည် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSAတပ်ဖွဲ့မှ ကျူးလွန်ချိုးဖောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်နှင့် အချက်အလက်များကို တအာင်းလူ့အခွင့်အရေးဆိုင်ရာကွန်ရက်မှ ပူးပေါင်း သုတေသနပြုစုထားသည့် စာတမ်းဖြစ်သည်။

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ တအာင်းဒေသအတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်စေရန်နှင့် ကျူးလွန်ခံရသူများအတွက် အမှန်တရားနှင့် တရားမျှတမှုရရှိစေရန် ရည်ရွယ်ပါသည်။ စာတမ်းတွင် အဓိကအားဖြင့် ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ် ဖွန်လအတွင်း RCSS/SSA မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များကို ကောက်ခံစုဆောင်းထားပါသည်။ ထို့အပြင် ၂၀၁၈ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုအချက်အလက်များကို ဖြစ်ပွားခဲ့သည့် နယ်မြေဒေသများသို့ ကွင်းဆင်းပြီး နောက်ဆက်တွဲ အချက်အလက်များအား ကောက်ယူပြုစုနိုင်ခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားတွင် များသောအားဖြင့် မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ သတ်ဖြတ်ခြင်း၊ ညည်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း၊ အစအနပျောက်ဆုံးခြင်းနှင့် လက်နက်ကိုင်အသင်းအဖွဲ့နှင့်ဆက်သွယ်သည်ဟု စွပ်စွဲခြင်း စသည့်တို့ အများစုဖြစ်သည်။

စာတမ်းတွင် လေ့လာကွင်းဆင်းပြီး ကောက်ခံထားသည့်အချက်အလက်များ၊ ဖြစ်စဉ်အခြေအနေများ၊ ဖြစ်စဉ်ပြဇယားများ၊ ရွာသားများနှင့် ကျူးလွန်ခံရသူများ၏ သက်သေထွက်ဆိုချက်၊ မျက်မြင်သက်သေထွက်ဆိုချက်များကို ဖော်ပြထားသည့်အပြင် ကျူးလွန်ခံရသူနှင့် နစ်နာသူ မိသားစုများအပါအဝင် မိမိတို့ **တအာင်းလူ့အခွင့်အရေးဆိုင်ရာကွန်ရက်**မှ တောင်းဆိုထားသည့် တောင်းဆိုချက်များ ပါဝင်သည်။

## ၂။ နောက်ခံအကြောင်းအရင်း

၂၀၁၁ခုနှစ်မှ စတင်၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အကြား ပြည်တွင်းစစ်ပဋိပက္ခဖြစ်ပွားခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်ခဲ့သည်။ ၎င်းလူ့အခွင့်အရေးချိုးဖောက်မှုများမှာ - ကျေးရွာမီးရှို့ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ကျေးရွာအတွင်း ကျရောက်ကာ ပေါက်ကွဲပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း၊ အရပ်သားသေဆုံးခြင်း၊ ဒဏ်ရာပြင်းထန်စွာရရှိခြင်းများစွာ ရှိခဲ့သည်။

ထိုဖြစ်စဉ်များ ထပ်မံ မဖြစ်ပွားလာစေရန်ရည်ရွယ်ပြီး သမ္မတဦးသိန်းစိန်လက်ထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ဆွေးနွေးလာခဲ့ရာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅)ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင် (၈) ဖွဲ့တို့သည် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ် ရေးထိုးနိုင်ခဲ့သည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA သည်လည်း NCA လက်မှတ်ရေးထိုးပြီးနောက် NCA ကို အကြောင်း

ပြကာ ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ခြေဦးလှည့်လာသည့်အချိန်မှ စတင်၍ ယခုချိန်ထိ စစ်ရေးလှုပ်ရှားမှုများပြုလုပ်လာခဲ့ခြင်းကြောင့် မြန်မာ့တပ်မတော်နှင့် သော်လည်းကောင်း၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့်သော်လည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီနှင့်သော်လည်းကောင်း တိုက်ပွဲများ မကြာခဏဖြစ်ပွားကာ လှုပ်ရှားသည့် နယ်မြေဒေသများတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ယနေ့ထိတိုင် ပြင်းထန်စွာ ဆက်လက် ဖြစ်ပွားနေပါသည်။

## ၃။ ဖြစ်စဉ်အကျဉ်း

စာတမ်းတွင် ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ် ဇွန်လအထိ တအာင်းဒေသအတွင်းတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ RCSS/SSA မှ ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မိမိတို့ တအာင်းလူ့အခွင့်အရေးဆိုင်ရာကွန်ရက်မှ တအာင်းဒေသများသို့ လေ့လာကွင်းဆင်းပြီး အချက်အလက်များကို ကောက်ခံခဲ့ပါသည်။ ကောက်ခံထားရှိသည့် အချက်အလက်များထဲတွင် စုစုပေါင်း ဖြစ်စဉ် **(၆၂)ပုဒ်** ရှိပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူနှင့်နစ်နာသူ စုစုပေါင်း **(၁၇၃)ဦး** ရှိခဲ့ပါသည်။ ယခုလက်ရှိ ဖော်ပြသော အချက်အလက်ပေါင်း (၃၉)ခု နှင့် စုစုပေါင်း ကျူးလွန်ချိုးဖောက်ခံရသူပေါင်း **(၈၆)ဦး**ဖြစ်သည်။

ထို့အပြင် ကောက်ခံထားသည့် အချက်အလက်များတွင် နောက်ဆက်တွဲအနေဖြင့် ကောက်ယူပြုစုနေဆဲဖြစ်သော အချက်အလက်များ စုစုပေါင်း ဖြစ်စဉ် **(၂၃)**ပုဒ်ရှိပြီး လူ့အခွင့်အရေးချိုးဖောက်ခံရသူနှင့်နစ်နာသူ စုစုပေါင်း **(၈၇)ဦး** ရှိခဲ့ပါသည်။ လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်သည့် နယ်မြေဒေသ အများစုမှာ ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်းဒေသများဖြစ်သည့် ကျောက်မဲမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ မူဆယ်မြို့နယ်၊ နမ္မတူမြို့နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်များနေသည်ကို တွေ့ရှိရပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားအနေဖြင့် မတရားဖမ်းဆီးခေါ်ဆောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း၊ အစအနပျောက်ဆုံးခြင်း၊ မတရားသတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် မတရားစွပ်စွဲခြင်းတို့ အများစုဖြစ် နေသည်ကို တွေ့ရှိရပါသည်။

## ၄။ အသေးစိတ် အချက်လက်များ

### ၁) ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း

တအာင်းလူ့အခွင့်အရေးဆိုင်ရာကွန်ရက် အဖွဲ့အစည်းများမှ ရှမ်းပြည်မြောက်ပိုင်းအတွင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ **RCSS/SSA**၏ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်သည့် မတရားညှဉ်းပန်းနှိပ်စက်ခြင်းကို လက်လှမ်းမှီသလောက် မှတ်တမ်းပြုစုရာ မြို့နယ် (၄) မြို့နယ်မှ သတင်းအချက်အလက်ပေါင်း (၉)ခု နှင့် လူဦးရေ (၃၁) ဦး ညှဉ်းပန်းနှိပ်စက်မှုကို ခံခဲ့ရသည်။

(က)၂၀၁၈ခုနှစ် ဩဂုတ်လ ၁၃ရက်နေ့ ၂/၃ နာရီ၀န်းကျင်တွင် TNLA နှင့် RCSS တိုက်ပွဲပြင်းထန်ဖြစ်ဖြစ်ပွားခဲ့သည်။ ၁၄ ရက်နေ့တွင် မန်ဆာကျေးရွာသူ/သား များအားလုံး မန်စံဘက်သို့ ပုစဉ်ခေါင်းထော်လာရီ (၇)စီးဖြင့် ထွက်ပြေးတိမ်ရှောင်ခဲ့ရပါသည်။

''၁၄ ရက်နေ့ နေ့လည်ပိုင်း (၁၂း၀၀)နာရီခန့် တွင် ကျွန်တော်နှင့် သူငယ်ချင်းမိုင်းအိုက်ခနှင့်အတူ မြစ်ရုံသို့ မြစ်သွားရောင်းပါတယ်။ ကျွန်တော်တို့မြစ်ရောင်းပြီး ပြန်လာစဉ်တွင် ပန်ဟိုက်ကျေးရွာစာသင်ကျောင်းအနီး၌ ရှမ်းလက်နက်ကိုင် RCSS အဖွဲ့မှ ကျွန်တော်တို့ကို ဖမ်းဆီးပြီး ရွာအပြင်ဘက်သစ်ပင်အောက်တစ်နေရာတွင် စစ်ဆေးမေးမြန်းရိုက်နက်ခဲ့တယ်။ ပြီးတော့ ၁၄ရက်နေ့တွင် တားအိုက်ကြာကို ထပ်မံဖမ်းဆီးရိုက်နက်ခဲ့တယ်။ ၁၅ /၁၆ ရက်နေ့ ၁၂း၀၀ နာရီ၀န်းကျင်တွင် ကျွန်တော်တို့ကို ပြန်လွတ်တယ်။ ကျွန်တော်တို့မြစ်ရောင်း၍ ရရှိသော ငွေများမှာ ကျွန်တော် ၈၅၀၀ကျပ်၊ မိုင်းအိုက်ခ ၁၈၀၀၀ကျပ်၊ တားအိုက်ကြာ ၁၀၅၀၀ကျပ် ၎င်းမြစ်ဖိုးများလည်း ပြန်လည်ပေးခြင်းလည်းမရှိဘူး။ ကျွန်တော်တို့ ဆိုင်ကယ်သော့ချောင်းကိုလည်း လွှင့်ပစ်လိုက်တယ်''

(ခ) ၂၀၁၈ခုနှစ်၊ ဇွန်လ၊ (၆)ရက်နေ့ မိုင်းစိုးဟိန်းသည် နမ့်ဆန်မြို့နယ် ကွမ်ဟယ်အုပ်စု အွမ်းချတ်ကျေးရွာမှအလာ ရေအိုးကျေးရွာနှင့် ပင်လုံကြားအရောက်တွင် ရင်ကွဲတောင်မှ တပ်စခန်းချပြီး ဆပ်ကြေးခံနေသော RCSS/ SSA တပ်ဖွဲ့မှ မိုင်းစိုးဟိန်းသူကို တအာင်းစစ်တပ်ထင်ပြီး ပစ်ခတ်ပြီး ဘယ်လက်မောင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သီပေါဆေးရုံသို့ မှ လားရှိုးဆေးရုံးသို့ ပို့ဆောင်ခဲ့ပါသည်။

**(ဂ)** ၂၀၁၈ ခုနှစ်၊ မတ်လ၊ (၇)ရက်နေ့တွင် **RCSS/SSA** မှ မန်တုံမြို့နယ် ရွာသား **(၃)**ဦးကို **TNLA** နှင့် ပတ်သက်ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲပြီး ဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ရွာသား (၂) ဦးကို ခေါ်ထုတ်ပြီး **TNLA** အကြောင်း စစ်မေးကာ ခေါင်းကိုသေနတ်နှင့်ချိန်ပြီး ခြိမ်းခြောက်ခဲ့သည့်အပြင် ရွာသားများ၏ ပစ္စည်းများကိုလည်း သိမ်းယူခဲ့သည်။

(ဃ) ၂၀၁၇ခုနှစ်၊ မေလ၊ (၁၆)ရက်နေ့တွင် ကျောက်မဲမြို့နယ် တောဖဲကျေးရွာရှိ အလှည့်ကျ ရွာစောင့်တာဝန်ကျသည့် သားအဖ (၂)ဦးကို **RCSS/SSA** မှ ဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ `

(င) မန်တုံမြို့နယ် တုံဟက်ကျေးရွာတွင် အလုပ်လုပ်သည့် ရွာသား (၁၀)ဦးကျော်ကို **RCSS/SSA** မှ ၂၀၁၆ခုနှစ်၊ ဇွန်လ၊ (၈)ရက်နေ့တွင် လာရောက်ဖမ်းဆီးကာ တစ်ညလုံး မိုးရေထဲတွင် ချည်နှောင်ထားခဲ့ပြီး မည်သည့်အစာမျှ မကျွေးပါ။ ၎င်းရွာသားများကို နိုင်လွန်ကြိုးဖြင့် လက်နောက်ပြန်ကို လည်ပင်းနှင့် တင်းတင်းတွဲချည်ကာ ဝါးလုံးဖြင့် ကိုယ်လုံးကို ရိုက်နှိပ်ခြင်းအပြင် ဝါးခြမ်းပြားကို ခြေထောက်ပေါ်တင်၍ တက်နင်းခြင်း စသည် ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သည်။

(စ) ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (၂) ရက်နေ့ နံနက်ပိုင်း (၁၁း၀၀)အချိန်ခန့်တွင် ကျွန်တော် မိုင်းထွန်းအောင်နှင့် မိုင်းအောင်ဝင်းတို့မှ ဖရဲသီးကား လမ်းပြခေါ်ဆောင်ပေးပြီး ပြန်လာချိန်တွင် ရှမ်းလက်နက်ကိုင် RCSS/SSA အဖွဲ့မှ ကျွန်တော်တို့(၂)ဦးအား ဖမ်းဆီးခေါ်ဆောင်ပြီး ရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိက်စပ်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ကျွန်တော်တို့(၂)ဦးအား ဖမ်းဆီးချုပ်နှောင်ထားပြီး အတင်းအဓမ္မ အလုပ်ခိုင်းခဲ့ပါသည်။ ၎င်းတို့မှ ကျွန်တော်တို့(၂)ဦးအား ညှဉ်းပန်းနှိက်စပ်ပြီး ၁၁.၃.၂၀၁၆ ရက်နေ့တွင် ပြန်လွတ်လာခဲ့ပါသည်။

## ၂) သတ်ဖြတ်ခြင်း

**RCSS/SSA** မှ မန်တုံမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ နမ့်ဆန်မြို့နယ်နှင့် နမ္မတူမြို့နယ်တွင် သတင်းအချက်အလက် (၇)ခု ဒေသခံ **(၁၁)** ဦး ဖမ်းဆီးကာ မတရားသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များကို တအာင်းအရပ်ဖက်အဖွဲ့အစည်းမှ လက်လှမ်းမှီသ၍ မှတ်တမ်းပြုစုခဲ့သည်။

(က) ၂၀၁၉ခုနှစ်၊ ဖွန်လ၊ (၅)ရက်နေ့တွင် RCSS/SSA တပ်ဖွဲ့မှ နမ့်ဆန်မြို့နယ်၊ ဟိုနမ့်ကျေးရွာနေ သားအဖဖြစ်သူ ဦးဖိုးအုန်း အသက် (၄၂) နှစ်နှင့် မိုင်းကျော်ငြိမ်း အသက် (၁၇)နှစ်တို့သည် ရွာမှ လားရှိုးမြို့သို့ ဆိုင်ကယ်ဖြင့်သွားရာ လမ်းတွင် မန်စံကျေးရွာဝန်းကျင်အနီးအနား၌ **RCSS/SSA** တပ်ဖွဲ့တို့နှင့် ရင်ဆိုင်တွေ့ရှိကာ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရပါသည်။ ထို့နောက်ဒေသခံနှင့်မျက်မြင်သက်သေတို့၏ ပြောဆိုချက်အရ "ထိုနေ့တွင် RCSS/SSA များက ၎င်းတို့ **(၂) ဦး**ကို တောထဲ ဖမ်းခေါ်သွားတယ်။ ညနေပိုင်းလောက်တွင် ၎င်းတို့ကို ဖမ်းခေါ်သွားသည့် တောတစ်နေရာမှာ သေနတ်သံ (၂) ချက်ကြားရတယ်"ဟု ပြောကြားခဲ့ပါသည်။ ဒေသခံအချို့မှာလည်း RCSS/ SSA တပ်ဖွဲ့မှ သားအဖနှစ်ဦးကို ရက်စက်စွာ ပစ်သတ်လိုက်သည်ကို တွေ့မြင်ရသည်။

(ခ) ဦးအိုက်ခမ်းပန် အသက်၂၉နှစ်သည် ၁ ရက် ဩဂုတ်လ၂၀၁၆ ရက်နေ့တွင် နမ္မတူမြို့နယ် မိုင်မုကျေးရွာ၌ **RCSS/SSA** တပ်ဖွဲ့၏ သတ်ဖြတ်ခြင်းကို ခံရပါသည်။ ၎င်းနှင့်အတူ ကောင်းဟုန်းကျေးရွာသား (၂)ဦးပါ သတ်ဖြတ်ခံရ၍ တစ်ပေလောက်သာရှိသည့် မြေကြီးကျင်းတူးပြီး မြေမြှုပ်ခဲ့သည်။ ၎င်းတို့သေဆုံးပြီး (၆) ရက်အကြာမှ ကျေးရွာလူထုများ ရှာဖွေတွေ့ရှိကာ အလောင်းများကို ပြန်လည်တူးဖော်ခဲ့ပါသည်။ ၎င်းတို့ သေဆုံးမှုနှင့် ပတ်သက်ပြီး ကျူးလွန်းသူဖြစ်သော **RCSS/SSA** လက်နက်ကိုင်တပ်ထံမှ တစ်စုံတစ်ရာ တာဝန်ယူခြင်း မရှိခဲ့ပါ။ သက်ဆိုင်ရာအာဏာပိုင်များထံ အကူအညီတောင်းသော်လည်း အကူအညီမရခဲ့ပေ။

(ဂ) နမ့်ခမ်းမြို့နယ် မာန်အောင်ကျေးရွာနေ တားညီဂျားဝင်းနှင့် မိုင်းထွန်းဦးတို့သည် လယ်ယာကို ကြည့်ရှုရန် သွားရောက်ရာ ရှမ်းစစ်သားတပ်ဖွဲ့မှ ၎င်းတို့ (၂) ဦးအား ၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ပြီး ဇူလိုင်လ (၂) ရက်နေ့တွင် ၎င်းတို့မိသားစုဝင်များမှ ထို (၂) ဦး အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပါသည်။ ယနေ့အချိန်ထိ ထို့သူ (၂) ဦးအား ကျူးလွန်သူဘက်မှ တာဝန်ယူ ဖြေရှင်းပေးခဲ့ခြင်း တစ်စုံတစ်ရာမျှ မရှိပါ။

(ဃ) ရှမ်းပြည်မြောက်ပိုင်း တအာင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ၊ လွယ်ဆောင်ကျေးရွာတွင် နေထိုင်သော ဦးဆမ်ခင်သည် ဖွန်လ ၈ ရက် ၂၀၁၆ ခုနှစ်တွင် မိုင်းမော်အနီး ဘွမ်စွန်ကျေးရွာရှိ ပြောင်းခြံ၌ အလုပ်လုပ်နေစဉ် RCSS/SSA မှ လာရောက် ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်။

(င) မန်တုံမြို့နယ်၊ ကုန်ညောင်အုပ်စု လွယ်လျက် (ခ)တက်လက်ကျေးရွာတွင် နေထိုင်သော ရွာသားဖြစ်သူ ဦးအိုက်ငိုအား ၂၀၁၆ခုနှစ်၊ ဖွန်လ၊ ၄ရက်နေ့တွင် RCSS/SSA မှ ဖမ်းဆီးပစ်ခဲ့သည်။

**ဦးအိုက်ငို၏ ဇနီးဖြစ်သူမှ** '' တိုက်ပွဲဖြစ်တော့ ရွာလုံးကျွတ်မှ မိုင်းမော်(ခ) နမ့်ဟိုင်ကို ထွက်ပြေးတိမ်းရှောင်ကြတယ်။ တိုက်ပွဲငြိမ်သက်ပြီး ကျမယောကျာ်းက ကလေးတစ်ယောက်ပွေ့ပြီး အခြားအမျိုးသမီးတွေနဲ့ ရွာကို ပြန်လာလာတာ။ လမ်းတဝက်ရောက်တော့ ရွာကို မပြန်ရဲသေးလို့ဆိုပြီး ကလေးကို ထားပြီး သူနမ့်ဟိုင်းဘက် ပြန်ဆင်းသွားတယ်၊ အဲဒီအချိန်မှ သူဖမ်းခံရတာ၊ ဖမ်းခံရပြီး ၃-၄ရက်ကြာမှ အလောင်းကို တွေ့ရတယ်''

## ၃) အစအနပျောက်ခြင်းနှင့် အစအနပျောက်ဆုံးခြင်း

တအာင်းအမျိုးသမီးအဖွဲ့အစည်းမှ မန်တုံမြို့နယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်း ပျောက်ဆုံးသည့်အချက်အလက်ပေါင်း (၁၀)ခု လူဦးရေပေါင်း (၁၄) ဦးကို မှတ်တမ်းတင်ပြုစုခဲ့သည်။ RCSS/SSA တပ်ဖွဲ့မှ ဒေသခံများကို ဖမ်းဆီးပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွားသည်ကို မိသားစုများမှ သိခွင့်မရရှိသည့်အပြင် ၎င်းတို့သည်လည်း အသက်ရှင်သန်ခြင်း ရှိ/မရှိ ယခုချိန်ထိ မသိရသေးပေ။

(က) ၂၀၁၈ခုနှစ် ဖွန်လ ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် လွယ်ကြူအုပ်စု တောနေကျေးရွာတွင် နေထိုင်သော ဦးလုံထိန်သည် ပန်ဝါရွာတွင် ပြောင်းဖူးခြံအတွင်း အလုပ်လုပ်နေစဉ် RCSS/SSA တပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး ယနေ့ချိန်ထိ အစအနပျောက်ဆုံးခဲ့ပါသည်။

(ခ) ၂၀၁၆ခုနှစ်၊ ဩဂုတ်လ၊ ၁၇ရက်နေ့တွင် ဦးအိုက်ယိုင်ဖြစ်သည် ၎င်းနေထိုင်သော နမ္မတူမြို့နယ် ပန်မော်ခန်ကျေးရွာမှ ရွာသား အိုက်အိုင်ဒွဲနှင့်အတူ နမ္မတူမြို့သို့ မျှစ်ရောင်းရန်အတွက် ကိုယ်ပိုင်မြင်းဖြင့် မျှစ်ကို သယ်ဆောင်ခဲ့ပါသည်။ ညနေပိုင်း (၂)နာရီ အချိန်တွင် ပန်ဝိုးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူကြီးနှင့် မိတ်ဆက်စကားပြောကြသည်။ ထိုအချိန်တွင် RCSS/SSA လက်နက်ကိုင်အဖွဲ့မှ ၎င်းတို့ (၃)ဦးကို ကြိုးနှင့်ချည်ပြီး ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုအချိန်မှစတင်၍ ယနေ့အချိန်ထိ အစအနပျောက်ဆုံးနေပြီး မိသားစုဝင်များလည်း မည်သည့်သတင်းအစအနမှ မသိရချေ။

## ၄) ဖမ်းဆီး ချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်းခြင်း

RCSS/SSA မှ ဒေသခံများကို ဖမ်းဆီးပြီး ချုပ်နှောင်ထားနှင့် ထိန်းသိမ်းသည့် အချက်အလက် (၁၃) ခု လူဦးရေ စုစုပေါင်း(၃၀)ဦးရှိပြီး မြို့နယ်မှာ ကျောက်မဲ၊ နမ္မတူနှင့် မူဆယ်မြို့မှ ဒေသခံရွာသားများ ဖြစ်ပါသည်။

(က) ၂၀၁၈ခုနှစ် မတ်လ (၁၀) ရက်နေ့တွင် နမ္မတူမြို့နယ် ပန်ကွတ်ကျေးရွာသူ/သားများ မန်စံဘက်သို့ စစ်ဘေးရှောင်ရန် ထွက်သွားခဲ့သည်။ ၂၀၁၈ခုနှစ် မတ်လ၊ (၁၄)ရက် နံနက်ပိုင်း(၁၀း၀၀)နာရီ ဝန်းကျင်ခန့်တွင် မိုင်းအောင်မြင့်မှ ထွက်ပြေးရန် အဝတ်အစားထုတ်များသွားယူရန် အိမ်သို့ပြန်သွားရာတွင် ၎င်းသူငယ်ချင်း(၄)ဦးတို့နှင့်အတူ ထွက်သွားပြီး ရွာအပြန်လမ်း ဓာတ်ငွေ့ပိုက်လိုင်းအနီး၌ RCSS/SSA အဖွဲ့မှ ၎င်းတို့(၅)ဦးအား ဖမ်းဆီးသွားသည်။ ၎င်းတို့စီးသွားသည့်ဆိုင်ကယ် (၄)စီးတို့ကိုလည်း သိမ်းဆည်းခဲ့ပါသည်။ ၎င်းတို့ (၅)ဦးမှာ မိုင်းအောင်မြင့်၊ တားမောက်ဟိန်း၊ တားအောင်ဆန်း၊ မိုင်းအိုက်လူ၊ တားအောင်ပန်းတို့ဖြစ်ပါသည်။

(ခ) ၂၀၁၈ ခုနှစ် ဇူလိုင်လ (၃၁) ရက်နေ့ ပန်ကွတ်ကျေးရွာ နမ္မတူမြို့နယ်တွင် မိုင်းအိုက်ရီမှ ဆန်၊ဆီ၊ဆား၊ စသည့်လိုအပ်သည့် ပစ္စည်းများဝယ်ရန် ၎င်း၏ သူငယ်ချင်း(၄)ယောက်နှင့်အတူ မန်စံဈေးသို့သွားခဲ့ပါသည်။ နံနက်စောစော (၆း၀၀) နာရီဝန်းကျင်တွင် ရွာမှထွက်သွားခဲ့သည်။ ၎င်းတို့ ၅ ဦးသည် မန်စံဈေးမှ ပြန်လာချိန်တွင် ရွာအပြန်လမ်းရှိ ဓာတ်ငွေ့ ပိုက်လိုင်းနီးနားဝန်းကျင်၌ ရွံ့ဗွက်များ ထူထပ်သည့် နေရာအနီးတွင် ဖမ်းဆီးခံရသည်။ ဖြစ်စဉ်တွင် ဖမ်းဆီးခဲ့သည့် ရွာသား ၅ ဦးအနက် တစ်ဦးမှာ ရှေ့ဆုံးမှသွားပြီး လွတ်မြောက်ခဲ့သော်လည်း ကျန်(၄)ဦးစလုံးသည် RCSS/SSA၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။

(ဂ) ၂၀၁၉ခုနှစ် မတ်လ (၁) ရက်နေ့တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီတို့မှ နှစ်ဖက်အပြန်အလှန်တိုက်ပွဲဖြစ်ပွားသည့်အတွက် RCSS/SSA မှ နမ္မတူမြို့နယ် မန်လီကျေးရွာသား (၁၂)ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ဖမ်းဆီခေါ်ဆောင်သွားသည့် (၁၂)ဦးအနက် (၈) ဦးကို RCSS/SSA မှ ပြန်လွှတ်ပေးခဲ့ပြီး ကျန်သည့် (၄) ဦးမှာ ယနေ့ထိတိုင် လွတ်မြောက်ခြင်း မရှိသည့်အပြင် မိသားစုများနှင့် လုံးဝပင် အဆက်အသွယ် မရရှိခဲ့ပါ။ ကျန်ရှိသည့် မန်လီရွာသားများမှာ ဦးအိုက်မောင်၊ ဦးခမ်းစော၊ ဦးဖိုးဝ၊ အိုက်ကျုံးတို့ ဖြစ်ပါသည်။

(ဃ) ၂၀၁၉ခုနှစ်၊ ဇွန်လ၊ (၂၈)ရက်နေ့ ညနေ ၃နာရီတွင် RCSS/SSA မှ ကျောက်မဲခရိုင် သီပေါမြို့နယ် အုံမုအုပ်စု ပန်ခါးကျေးရွာ၏ ဥက္ကဌဖြစ်သူ ဦးစံမုန်းနှင့် အတွင်းရေးမှူး ဦးမောင်ငွေတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်ရခြင်းအကြောင်းရင်းမှာ RCSS/SSA တပ်ဖွဲ့တို့မှ အုံမုအုပ်စုရှိ ရွာသားများကို စစ်သား(၂)ယောက်တောင်းသော်လည်း မပေးနိုင်သည့်အတွက်ကြောင့် ဖမ်းဆီးထားသည်ဟု သိရသည်။ ယခုအချိန်တွင် ဥက္ကဌနှင့် အတွင်းရေးမှူးတို့ ပြန်လွှတ်ပေးသော်လည်း အကယ်၍ ၁လအတွင်း တောင်းထားသည့် တပ်သားကို မရရှိလျှင် ထိုသူတို့နှစ်ဦးကို ပြန်ဖမ်းမည်ဟု RCSS/SSAမှ ပြောဆို သတိပေး ခြိမ်းခြောက်ခဲ့ပါသည်။

## ၅။ တောင်းဆိုချက်များ

(က) မတ်လ၊ (၂)ရက်နေ့တွင် RCSS/SSA ဖမ်းဆီးထားခဲ့သည့် မန်လီအပြစ်မဲ့ ရွာသား (၄) ဦးအပါအဝင် အခြားဖမ်းဆီးထားသည့် အပြစ်မဲ့ရွာသားများကို ချွင်းချက်မရှိ အမြန်ဆုံးလွတ်ပေးရန်။

(ခ) ပြည်သူလူထုများကို ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း၊ မတရားဖမ်းဆီးခြင်း၊ မတရားသတ်ဖြတ်ခြင်း၊ စွပ်စွဲခြင်း၊ ခြိမ်းခြောက်ခြင်းများနှင့် တိုက်ပွဲအတွင်း ပြည်သူများကို ဓားစာခံအဖြစ် အသုံးပြုခြင်းမှ ရပ်တန့်ရန်။

(ဂ) တနိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်ဆဲရေး သဘောတူညီမှုစာချုပ် (NCA) လက်မှတ်ထိုးထားသည့် RCSS/SSA အဖွဲ့အနေဖြင့် NCA ပါ အချက်များနှင့် နိုင်ငံတကာ စစ်ရာဇဝတ်မှု ဥပဒေများကို လေးစားလိုက်နာရန်။

(ဃ) RCSS/SSA မှ ကျူးလွန်ထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ပေးရန်။

(င) ဒေသခံကျေးရွာများ၏ အနီးတဝိုက်တွင် ပြည်သူလူထုများကို ဦးတည်ပြီး မိုင်းထောင်ခြင်းနှင့် လက်နက်ကြီးများ ကျေးရွာအတွင်းသို့ ပစ်ခတ်မှုများ ရပ်တန့်ရန်။

(စ) RCSS/SSA အဖွဲ့မှ တအာင်းကျေးရွာများတွင် ဆက်ကြေးကောက်ခံခြင်း၊ တပ်သားသစ်စုဆောင်းခြင်း ရပ်တန့်ရန်။

(ဆ) တိုင်းရင်းသားလက်နက်ကိုင်အချင်းချင်းကြား တိုက်ပွဲများဖြစ်ပွားမှုရပ်တန့်ပြီး ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများ အကောင်အထည် ဖော်ဆောင်ပေးရန်။

(ဇ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွဲဖြေရှင်းပေးရန်။

(ဈ) ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် တိုက်တွန်းရန်။

## ၆။ နိဂုံးချုပ်

ဤစာတမ်းအကျဉ်းကို ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)တပ်ဖွဲ့မှ ၂၀၁၅ခုနှစ် တစ်နိုင်ငံလုံးဆိုင်ရာအပစ်ခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး ရှမ်းပြည်နယ်မြောက်ပိုင်းသို့ စစ်ရေးလှုပ်ရှားမှုများ စတင်လာသည့်အချိန်မှစတင်၍ တအာင်းအရပ်ဖက် အဖွဲ့အစည်းများ လက်လှမ်းမှီသလောက် ကောက်ခံရရှိထားသော လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်များကို စုစည်းတင်ပြခြင်းသာဖြစ်ပါသည်။ မိမိတို့အဖွဲ့သည် ပြည်သူလူထုများအပေါ် မတရား လူ့အခွင့်အရေးချိုးဖောက်သည့် အဖွဲ့ အစည်းနှင့် လက်နက်ကိုင်အဖွဲ့အားလုံးကို ကန့်ကွက်ရှုတ်ချပါ သည်။ ဒေသအတွင်းဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုင်းရင်းသားများအချင်းချင်း အတူတကွယှဉ်တွဲ နေထိုင်ရေးကို များစွာထိခိုက်နှောင့်ယှက်သည့်အတွက် လုံးဝရပ်တန့်ပေးရန် တအာင်းလူ့အခွင့်အရေးဆိုင်ရာကွန်ရက်အဖွဲ့မှ တောင်းဆိုလိုက်ပါသည်။

| ခေါင်းစဉ် | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ဖြစ်ပျက်သည့် အချိန် | လူဦးရေ | လိပ်စာ | စုစုပေါင်း အချက်အလက် | စုပေါင်း လူဦးရေ |
|---|---|---|---|---|---|---|---|---|---|---|
| **မန်တုံမြို့နယ်** | | | | | | | | | | |
| **ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း** | | | | ၁ | | ၇.၃.၂၀၁၈ | ၃ဦး | လွယ်ကန်ကျေးရွာ | ၃ | ၁၄ ဦး |
| | | ၁ | | | | ၈.၆.၂၀၁၆ | ၁၀ဦး | လွယ်မွန်းကျေးရွာ | | |
| | | ၁ | | | | ၈.၆.၂၀၁၆ | ၁ဦး | မန်စပ်ကျေးရွာ | | |
| **သတ်ဖြတ်ခြင်း** | | ၁ | | | | ၈.၆.၂၀၁၆ | ၁ဦး | လွယ်ဆောင်ကျေးရွာ | ၂ | ၂ ဦး |
| | | ၁ | | | | ၄.၆.၂၀၁၆ | ၁ဦး | လွယ်လျှန်(ခ) တက်လက်ကျေးရွာ | | |
| **အစအန ပျောက်ဆုံးခြင်း** | | ၁ | | | | ဇွန်လ၊ ၂၀၁၆ | ၁ဦး | တောနေကျေးရွာ | ၆ | ၉ ဦး |
| | | ၁ | | | | ၈.၈.၂၀၁၆ | ၂ဦး | တောနေကျေးရွာ | | |
| | | ၁ | | | | ၁၁.၈.၂၀၁၆ | ၃ဦး | တက်လက်ကျေးရွာ | | |
| | | ၁ | | | | ဇွန်လ၊ ၂၀၁၆ | ၁ဦး | မန်အီကျေးရွာ | | |
| | | ၁ | | | | ဇွန်လ၊ ၂၀၁၆ | ၁ဦး | မန်အီကျေးရွာ | | |
| | | ၁ | | | | ဇွန်လ၊ ၂၀၁၆ | ၁ဦး | ပန်းယောင်ကျေးရွာ | | |
| **စုစုပေါင်း** | | | | | | | | | **၁၁ခု** | **၂၅ ဦး** |
| **ကျောက်မဲမြို့နယ်** | | | | | | | | | | |
| **ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း** | | | ၁ | | | ၁၆.၅.၂၀၁၇၊ | ၂ ဦး | တောဖဲကျေးရွာ၊ | ၁ | ၂ ဦး |
| **သတ်ဖြတ်ခြင်း** | | | ၁ | | | ၂၅.၃.၂၀၁၇၊ | ၁ဦး | တောဖဲကျေးရွာ | ၂ | ၂ ဦး |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ၁ | | | ၂၄.၃.၂၀၁၇ | ၁ဦး | တောဖဲကျေးရွာ | | |
| ဖမ်းဆီးချုပ်နှောင်ခြင်းနှင့်ထိန်း သိမ်းခြင်း | | | | ၁ | | ၁၅.၅.၂၀၁၈ | ၄ ဦး | တောဖဲကျေးရွာ | ၁ | ၄ ဦး |
| **စုစုပေါင်း** | | | | | | | | | **၄မှု** | **၈ ဦး** |
| | **နမ့်ခမ်းမြို့နယ်** | | | | | | | | | |
| အစအန ပျောက်ဆုံးခြင်း | | ၁ | | | | ၁.၇.၂၀၁၆ | ၁ဦး | စယ်ဟိုင်းကျေးရွာ၊ | ၄ | ၅ ဦး |
| | | ၁ | | | | ၁၉.၁၂.၂၀၁၆ | ၁ဦး | ကောင်းတပ်ရပ်ကွက် | | |
| | | ၁ | | | | ၁၉.၆.၂၀၁၆ | ၁ဦး | မန်စပ်ကျေးရွာ | | |
| | | ၁ | | | | ၁၉ .၁၂.၂၀၁၆ | ၂ဦး | ကောင်းတပ်ရပ်ကွက် | | |
| သတ်ဖြတ်ခြင်း | | ၁ | | | | ၁ .၆.၂၀၁၆ | ၂ ဦး | မာန်အောင်ကျေးရွာ | ၁ | ၂ ဦး |
| **စုစုပေါင်း** | | | | | | | | | **၅မှု** | **၇ဦး** |
| | **နမ့်ဆန်မြို့နယ်** | | | | | | | | | |
| ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း | | | | ၁ | | ၆ .၆. ၂၀၁၈ | ၁ဦး | အွမ်းဒျတ်ရွာ၊ကွမ်ဟယ်အုပ်စု | ၁ | ၁ |
| သတ်ဖြတ်ခြင်း | | | | | ၁ | | ၂ဦး | | ၁ | ၂ |
| **စုစုပေါင်း** | | | | | | | | | **၂မှု** | **၃ဦး** |
| **မူဆယ်မြို့နယ်** | | | | | | | | | | |
| ညှဉ်းပန်းနှိပ်စက်ခြင်း၊ | | ၁ | | | | ၂.၂. ၂၀၁၆ | ၂ဦး | လုံခန်ကျေးရွာ၊ | ၂ | ၃ |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| **လူမဆန်စွာ ပြုမူခြင်း** | | | | | | | | | | |
| | | ၁ | | | | ၂လပိုင်း၊ လဝက် ၂၀၁၆ | ၁ဦး | နမ့်ကတ်ကျေးရွာ | | |
| **ဖမ်းဆီးချုပ်နှောင်ခြင်း** | | | ၁ | | | ၂၃.၆. ၂၀၁၇ | ၃ ဦး | အထက်နမ့်ဟွယ် | ၁ | ၃ ဦး |
| **စုစုပေါင်း** | | | | | | | | | **၃ခု** | **၆ ဦး** |
| **နမ္မတူမြို့နယ်** | | | | | | | | | | |
| **ဖမ်းဆီးချုပ်နှောင်ခြင်း** | | ၁ | | | | ၂၄.၇.၂၀၁၆ | ၂ဦး | မန်စံကျေးရွာ | ၉ | ၂၁ဦး |
| | | | ၁ | | | ၁၇.၈.၂၀၁၇ | ၁ဦး | ရပ်ကွက် ၉ | | |
| | | | ၁ | | | ၃၀.၉.၂၀၁၇ | ၁ဦး | ရပ်ကွက် ၁၀ | | |
| | | | ၁ | | | ၁၄.၃.၂၀၁၇ | ၁ဦး | ပန်မော်ခန်ကျေးရွာ | | |
| | | | ၁ | | | ၃၁.၃.၂၀၁၇ | ၁ဦး | ပန်မော်ခန်၊ | | |
| | | | | ၁ | | ၁၀.၃.၂၀၁၈ | ၅ဦး | ပန်ကွတ် | | |
| | | | | ၁ | | ၃၁.၇.၂၀၁၈ | ၄ဦး | ပန်ကွတ် | | |
| | | | | ၁ | | ၂၈.၇.၂၀၁၈ | ၂ဦး | ပန်ကွတ် | | |
| | | | | | ၁ | ၁.၃.၂၀၁၉ | ၄ဦး | မန်လီကျေးရွာ | | |
| **သတ်ဖြတ်ခြင်း** | | ၁ | | | | ၁.၈.၂၀၁၆ | ၃ဦး | ကောင်းဟုန်းကျေးရွာ၊ မိုင်မှ အုပ်စု | ၁ | ၃ ဦး |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| **ညှဥ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာ ပြုမူခြင်း** | | | | ၁ | | ၁၄.၈.၂၀၁၈ | ၃ဦး | မန်ဆာကျေးရွာ | ၂ | ၁၁ဦး |
| | | | | | ၁ | ၁.၃.၂၀၁၉ | ၈ | မန်လီကျေးရွာ | | |
| **စုစုပေါင်း** | | | | | | | | | **၁၃ခု** | **၃၅ဦး** |
| **သီပေါမြို့နယ်** | | | | | | | | | | |
| **ဖမ်းဆီးခြင်း** | | | | | ၁ | ၂၈.၆.၂၀၁၉ | ၂ဦး | ပန်ခါးကျေးရွာ | ၁ | ၂ |
| **စုစုပေါင်း** | | | | | | | | | **၁ခု** | **၂ဦး** |